
## အာစီယံဒေသတွင်း

# စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံခြင်း လမ်းညွှန်။







အာစီယံဒေသတွင်း စားနပ်ရိက္ခာ၊
စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍများတွင်
ရင်းနှီးမြှုပ်နှံခြင်း လမ်းညွှန်သည်
အာစီယံအဖွဲ့နှင့် (အာရှဖွံ့ဖြိုးရေးအဖွဲ့)
ဆွစ်ဇာလန် ဖွံ့ဖြိုးတိုးတက်ရေးနှင့်
ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ
ကမ္ဘာ့ဘဏ်ငွေကြေး ထောက်ပံ့ရေးအဖွဲ့
နှင့် နိုင်ငံတကာရေရှည်
တည်တံ့ဖွံ့ဖြိုးရေးအဖွဲ့(IISD)
အဖွဲ့တို့၏ကူညီထောက်ပံ့မှု
ဖြင့်ရေးဆွဲ ထားခြင်း ဖြစ်သည်။

GrowAsia

asean

IISD
International Institute for Sustainable Development

THE WORLD BANK
IBRD • IDA | WORLD BANK GROUP

Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra

အသေးစိတ်အချက်အလက်များအတွက်
**www.aseanraiguidelines.org**
သို့ဝင်ရောက်ဖတ်ရှုရန်။

လူမှုတာဝန်ယူမှုအပြည့်ရှိသော စက္ကူများပေါ်တွင်ပုံနှိပ်ထားသည်



အာစီယံဒေသများအတွင်း
လူဦးရေ ထူထပ်များပြားလာခြင်း၊
ဝင်ငွေတိုးတက်
ကောင်းမွန်လာခြင်း နှင့်
ကျေးလက်ဒေသများ
မြို့ပြဆန်လာခြင်း တို့ကြောင့်
စားသောက်ကုန်ထုတ်လုပ်မှု၏
တောင်းဆိုအား များလာသည်
နှင့်အမျှ ဖွံ့ဖြိုးဆဲနိုင်ငံများ၏
စိုက်ပျိုးရေးကဏ္ဍတွင်
ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှုများ
ဆက်လက်တည်ရှိနေမည်ဖြစ်
သည်။

# အာဆီယံဒေသအတွင်း တာဝန်ယူမှုရှိသော စိုက်ပျိုးရေးရင်းနှီးမြှုပ်နှံမှု

အာစီယံဒေသတွင်း စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍများ အတွက် ရင်းနှီးမြှုပ်နှံခြင်း လမ်းညွှန်စာအုပ်သည် ကမ္ဘာ့စားနပ်ရိက္ခာ ဖူလုံ ရေးအဖွဲ့၏ စိုက်ပျိုးရေး၊စားနပ်ရိက္ခာမူဝါဒများနှင့် လမ်းညွှန်ချက်များ အပေါ် တွင်အခြေခံထားသည်။အာစီယံအဖွဲ့ဝင်အစိုးရနိုင်ငံများအတွက်ဖြစ်ပြီးအစိုးရ အဖွဲ့အပြင် ပြင်ပအဖွဲ့အစည်းများ ဖြစ်သော ပါဝင်ပတ်သက်သူများနှင့် ပုဂ္ဂလိက ကဏ္ဍများအားလည်း အသုံးပြုနိုင်ကြရန် ရည်ရွယ်သည်။ ဤ လမ်းညွှန်စာအုပ်သည် ကမ္ဘာကုလသမဂ္ဂအဖွဲ့၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ (Sustainable Development Goals) အပေါ်တွင် အကိုးအကားယူထားပါသည်။

ဤလမ်းညွှန်စာအုပ်သည် အာစီယံဒေသအတွင်း စားနပ်ရိက္ခာ၊ စိုက်ပျိုးရေး နှင့် သစ်တောကဏ္ဍများတွင် ရင်းနှီး မြှုပ်နှံမှုများ တိုးတက်လာပြီး ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ဖူလုံသောစားနပ်ရိက္ခာနှင် အာဟာရပြည့်ဝမှု၊ သာတူညီမျှသော အကျိုးအမြတ်ဖြစ်ထွန်းမှုများ ရရှိလာစေရန် ရည်ရွယ် သည်။
အခြားသော ရည်ရွယ်ချက်များမှာ.....

အာစီယံအဖွဲ့ဝင်နိုင်ငံများအတွင်း ရှင်းလင်းတိကျသည့်စည်းမျဉ်းများ၊ မူဝါဒ များဖြင့် စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍများတွင် ဦးစားပေး ရင်းနှီးမြှုပ်နှံသည့် မူဘောင်များချမှတ်နိုင်ရန်။

သိသာထင်ရှားသည့် အကျိုးအမြတ်များအတွက် ဖော်ရှာခြင်း- ဒေသခံပြည် သူများ၏ လုပ်ဆောင်ရည်စွမ်းရည် များကို မြှင့်တင်ပေးနိုင်ရန် သာမကလုပ် ငန်းရှင်များကပါ ၄င်းတို့ချုပ်ဆိုထားသော ဝတ္တရားများနှင့် အကျိုးတူပူး ပေါင်းနိုင်ရန် နည်းစနစ်နှင့် ပစ္စည်းကိရိယာများကို ဆန်းသစ်တီထွင် ရန်များ လည်းပါဝင်သည်။ ဤသည်တို့မှာ လမ်းညွှန်စာအုပ်၏ရည်ရွယ်ချက်ကို အထောက်အပံ့ဖြစ်စေရန်ဖြစ်သည်။

အာဆီယံအဖွဲ့ဝင်နယ်နမိတ်များ (Asean Members State) အသေးစားနှင့်အလတ်စား ရင်းနှီးမြှုပ်နှံကြသူများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင် လုပ်ဆောင်နေကြသူများ၊ ဒေသတွင်း (FAF) ရေရှည်စိုက်ပျိုးရေး အခန်းကဏ္ဍ တွင်ရင်းနှီးမြှုပ်နှံခြင်းနှင့် တန်ဖိုးကွင်းဆက်များအတွက် လမ်းညွှန်မှုပေးနိုင်ရန်အတွက် မူဘောင်တစ်ခုရေးဆွဲရန်။

ရေတိုနှင့်ရေရှည်ကာလများအတွက် အပြုအမူများ၊ လုပ်ဆောင်ချက်များနှင့် ဆုံးဖြတ်ချက်များချမှတ်ရန်အတွက် အထောက်အကူပြုသည့် အကျိုးအမြတ် စက်ဝိုင်းကို တည်ဆောက်ရန်။

[1] ၂၀၁၇ခုနှစ်၊ စက်တင်ဘာလ (၁)ရက်နေ့တွင် အာစီယံစိုက်ပျိုးရေးနှင့် သစ်တောဌာနရှိ ဝန်ကြီးများက အာစီယံ ဒေသတွင်း စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့်သစ်တောကဏ္ဍများ တွင် ရင်းနှီးမြှုပ်နှံခြင်းလမ်းညွှန်ကို ပြင်ဆင်ဖြည့် စွက်ရန် (၃၉)ကြိမ်မြောက် အာစီယံနှစ်ပတ်လည်အစည်း အဝေးတွင် သဘောတူခဲ့ကြသည်။ ၂၀၁၇ခုနှစ်၊ အောက်တိုဘာလ (အာရှဖွံ့ဖြိုးရေးအဖွဲ့)ကို ပြည့်စုံကောင်းမွန်သည့် လမ်းညွှန်စာအုပ်ဖြစ်လာ စေရန်အတွက် ကျွမ်းကျင်ပညာရှင်များ၊ ငွေကြေးအထောက်အပံ့များနှင့် ဘက်ပေါင်းစုံမှအတွေးအမြင်အယူ အဆများကိုအထောက်အပံ့ပေးရန် အာစီယံ ဝန်ကြီးများအဖွဲ့က ချဉ်းကပ်ခဲ့သည်။ ပုဂ္ဂလိကကဏ္ဍများတွင် အဓိ ကထား ထောက်ပံ့ပေးရန်ဖြစ်သည်။ စီမံကိန်းကို Swiss Agency for Development and Cooperation (SDC) ကမ္ဘာ့ဘဏ်အလှူငွေတို့မှ မတည်ထောက်ပံ့ပေးထားခြင်းဖြစ်ပြီး၊ ဂျီနီဗာအခြေစိုက်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့ (The International Institute for Sustainable Development (IISD)) မှ ကျွမ်းကျင်ပညာရှင်များက ပါဝင်အားဖြည့်ထားသည်။

# ဤလမ်းညွှန်မှ အစိုးရများအား လုပ်ဆောင်စေလိုသည့် အရာများ

## လမ်းညွှန် (၁)။

### အဆိပ်အတောက်ကင်းပြီး အာဟာရပြည့်ဝသည့် စားနပ်ရိက္ခာဖူလုံရေး အတွက် အထောက်အပံ့ဖြစ်ပြီးလျှင်

- ဆာလောင်ခြင်းမှ လွတ်မြောက်ရန် အခွင့်အရေးများကို လေးစား မှုရှိခြင်း။
- SDG 2 (ငတ်မွတ်ခေါင်းပါးမှုများအဆုံးသတ်ရန်) နှင့် အခြား အာစီယံ ရည်မှန်းချက်များကို ဖြည့်ဆည်း ပေးရန်။ အာဟာရပြည့်ဝသည့် အစာရေစာဖူလုံရေးများကို
- အဖိုးအခ သမမျှတသည့်အထောက်အပံ့များဖြင့် ရေရှည်ထောက်ပံ့နိုင်ရေး၊
- စုံလင်ကွဲပြားမှုများတွင် တောင်သူလယ်သမား မျိုးစေ့အခွင့်အရေးများကို လေးစားလက် ခံရန်။

### ဤလမ်းညွှန်ချက်များ အကောင်အထည်ပေါ် ရန်အတွက်-

- တာဝန်သိရင်းနှီးမြုပ်နှံမှုများဖြစ်လာစေရန်အတွက် အခွင့်အလမ်းပေါ်များသည့် ပတ်ဝန်းကျင်တစ်ခု ထောက်ပံ့ ပေးရမည်။
- စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ (FAF) အတွက် အစီအစဉ် များ၊ စားနပ်ရိက္ခာဖူလုံရေးမဟာဗျူ ဟာများ ပြီးပြည့်စုံလာအောင် ရေးဆွဲပေးရမည်။
- စားနပ်ရိက္ခာဖူလုံရေးအတွက်အစီအစဉ်များရေးဆွဲခြင်း နှင့် အစိုးရ-ပုဂ္ဂလိကချိတ်ဆက်လုပ်ဆောင် သည့် အကျိုးတူလုပ်ငန်းများ တည်ဆောက်ပေးရမည်။
- ရပ်ကျေးဒေသထောက်ပံ့ငွေများကိုထပ်တိုးပေးခြင်း ဖြင့် ဈေးကွက်နှင့် အခြေခံအဆောက်အဦးများ ကောင်းမွန်လာစေရန် မြှင့်တင်ပေးရမည်။
- စားနပ်ရိက္ခာဖူလုံမှုအတွက် ရင်းနှီးမြုပ်နှံမှုများ၏ အကျိုးရလာဒ်များကို စစ်ဆေးသုံးသပ်ပေးရမည်။

## လမ်းညွှန်ချက် (၂)။

### သာတူညီမျှမှုရှိသည့် အားလုံးအကျုံးဝင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲမွဲတေမှုပပျောက်ရေးအတွက် ဖော်ပြပါ အချက်များဖြင့်ဆောင်ရွက်ရန်။

- ကျား/မ တန်းတူညီမျှမှုရှိပြီး ဆင်းရဲမွဲတေမှုကို လျှော့ချပေးမည့် သာတူညီမျှမှုရှိသည့် တိုးတက်မှုများကို အားပေးရမည်။
- သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် ကောင်းမွန်သော အသက် မွေးဝမ်းကျောင်းလုပ်ငန်းများ ကို ဖန်တီးပေးရမည်။
- စံသတ်မှတ်ချက်ကို လေးစားလိုက်နာသည့် အသေးစားရင်းနှီးမြုပ်နှံ သူများအတွက်ခေတ်မှီပြီးအရည် အသွေးရှိသည့် အရာများကိုထောက်ပံ့ ပေးရမည်။
- ရင်းနှီးမြုပ်နှံသူနှင့် ဒေသတာဝန်ခံများအကြား အာမခံမှုရှိသည့် ကတိကဝတ်စာချုပ်စာတမ်းထားရှိရ မည်။
- ထုတ်လုပ်သူနှင့် ဝယ်ယူသူများအကြား မျှတ၍ပွင့်လင်းမြင်သာမှုရှိသည့် ကတိကဝတ်များ ရေးဆွဲထား ရမည်။
- သစ်တောနှင့်ဆိုင်သော အသက်မွေးဝမ်းကျောင်းပြုမှုများ အပေါ် အားပေးအားမြှောက်ခြင်းနှင့် လေးစား ခြင်းများ ရှိရမည်။

### ဤလမ်းညွှန်ချက်များ အကောင်အထည်ပေါ် ရန်အတွက်-

- ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် သင်တန်းများအတွက် ရင်းနှီး မြုပ်နှံသူကတိကဝတ်စာချုပ်များကို ပြင်ဆင် မွမ်းမံပေးရမည်။
- အစားထိုးအသုံးပြုနိုင်မည့် ကျယ်ပြန့်ကြီးမားသည့်လယ် ယာမြေများကို ထပ်မံရှာဖွေပေးရမည်။ အားလုံး ပါဝင်နိုင် မည့် လယ်ယာစိုက်ပျိုးရေး စာချုပ်များ။
- ဒေသတွင်း ရင်းနှီးမြုပ်နှံမှုစာချုပ်တွင် လူမှုအဖွဲ့အစည်းများနှင့် ချိတ်ဆက် လုပ်ဆောင်သည့် မဟာဗျူဟာများ ထည့်သွင်းရေးဆွဲမိတ်ဆက် ပေးရ မည်။
- ပိုမိုကောင်းမွန်ပြည့်စုံသည့် တာဝန်ဝတ္တရားများနှင့် ကတိကဝတ်များကို တာဝန်ယူတာဝန်ခံသည့် အသိ အမြင်များကို မြှင့်တင်ပေးရမည်။
- ရင်းနှီးမြုပ်နှံမှုပေါ် လစီများနှင့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် အသေး စားရင်းနှီးမြုပ်နှံသူများနှင့် စားသုံး သူများ၏ ပါဝင်မှုကိုတိုးမြှင့်ပေးရမည်။
- ရင်းနှီးမြုပ်နှံမှုစီမံကိန်းများတွင် အပယ်ကျဉ်ခံအဖွဲ့များနှင့် အမျိုးသမီးများ၏ ပါဝင်မှုများကို တိုးများလာစေ ရန် နည်းဗျူဟာများရေးဆွဲပေးရမည်။
- အသေးစားချေးငွေလုပ်ငန်း၊ ရပ်ကျေးချေးငွေလုပ်ငန်း၊ ဈေးကွက်အချိတ် အဆက်များနှင့် စွန့်ဦးတီထွင် အစီအစဉ်များတည်ဆောက်ပေးရမည်။

## လမ်းညွှန်ချက် (၃)

### တရားမျှတမှု၊ ချိတ်ဆက်ဆောင်ရွက်နိုင်မှုနှင့် အမျိုးသမီးများ၊ လူငယ်များ၊ ဌာနေ တိုင်းရင်းသားများနှင့်အဖယ်ကျဉ်ခံအုပ်စုများ အတွက် လုပ်ပိုင်ခွင့်နှင့် စွမ်းဆောင်ရည်များ ပိုမိုကောင်းမွန်လာစေရန် ဖော်ပြပါလုပ်ဆောင်ချက် များဖြင့် ကူညီထောက်ပံ့ပေးရမည်။

- သင့်လျော်ကောင်းမွန်သော အခွင့်အလမ်းများနှင် အခြေခံလူ့အခွင့် အရေးများကို ကာကွယ်ပေးခြင်း။
- ရေရှည်စိုက်ပျိုးရေး အခန်း ကဏ္ဍများအတွက် အမျိုးသမီးနှင့် လူငယ်များ၏အရေးပါသည့် ကူညီလုပ်ဆောင်ချက်များအပေါ် အသိအမှတ်ပြု မှတ်တမ်းတင် ပေးခြင်းများ။
- အားလုံးအကျုံးဝင်မှုရှိသည့် စီးပွားရေးပုံစံများတွင် အလုပ်အကိုင် အခွင့် အလမ်းနှင့် စွန့်ဦးတီထွင်လုပ်ငန်းများ ကို လက်လှမ်းမှီလာစေရေး အတွက် အဓိကကျသည့် FAF ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုပေးရမည်။
- မြေယာ၊ အရင်းအမြစ်များ၊ ဝန်ဆောင်မှုများ၊ ပညာရေးလုပ်ငန်းဆောင် တာများ၊ ဈေးကွက်များနှင့် သတင်းအချက်အလက်များ ပိုမိုကျယ်ပြန့်စွာ လက်ခံရရှိလာစေရန်။
- သဘာဝဘေး အန္တရာကဏ္ဍယ် နှင့် ရာသီဉတုပြောင်းလဲဖောက်ပြန်မှု များကြောင့် ခံစားနေရသည့်ဆိုးကျိုးများကို အဖြေရှာရန်။
- ဆုံးဖြတ်ချက်များချမှတ်ခြင်း၊ ဦးဆောင်မှုပေးခြင်းနှင့် လက်တွဲလုပ် ဆောင်ခြင်းများတွင် ထိရောက် ကောင်းမွန်သည့်ပူးပေါင်းပါဝင်မှုများ ဖြစ်လာစေရန် လုပ်ဆောင်ပေးခြင်း။

#### ဤလမ်းညွှန်ချက်များ အကောင်အထည်ပေါ်ရန်အတွက်-

- ပညာရေး၊ တရားဥပဒေ၏ ကာကွယ်မှုခံယူနိုင်ရေးနှင့် အဖွဲ့အစည်းများ ဖွဲ့စည်းပိုင်ခွင့်များအတွက် အမျိုးသမီးများ၏ ရရှိပိုင်ခွင့်ကို မြှင့်တင်ပေး ရမည်။
- အကဲဆက်သည့် ကျား/မရေးရာ တန်းတူညီမျှမှုရှိသည့် ဝန်ဆောင်မှုများ ကိုအသေးစားလုပ်ငန်းလုပ် ကိုင်သူများ၊ အသေးစားနှင့် အလတ်စား စွန့်ဦးတီထွင်လုပ်ငန်းများအပေါ် ထပ်တိုးအချိန်ယူထောက်ပံ့မှု ပေးခြင်း။
- မိသားစုနှင့် အဖွဲ့အစည်းအတွင်း စားနပ်ရိက္ခာလုံခြုံမှုများတွင် အမျိုး သမီးများ၏ အရေးပါသည့်အခန်း ကဏ္ဍကို အသိမှတ်ပြုပေးခြင်း။
- တာဝန်သိအစိုးရ၏ လုပ်ငန်းတာဝန်များအား ပရဟိတဆန္ဒ ဖြင့်လမ်းညွှန်ခြင်း။
- လူငယ်များအတွက် အရင်းအမြစ်၊ ဈေးကွက် နှင့်အခွင့်အလမ်းများ လက်ခံ ရရှိနိုင်စေရန် ဆောင်ရွက်ပေးခြင်း။

## လမ်းညွှန်ချက် (၄)

### မြေယာပိုင်ဆိုင်ခွင့်ရှိထားသူများ၊ ငါးလုပ်ငန်း များနှင့် သစ်တောလုပ်ငန်းများနှင့် ရေရရှိရေးလုပ်ငန်းများကို ဖော်ပြပါ အချက်များအား လေးစားလိုက်နာရန်။

- တရားဝင်မှုဘောင်အတွင်းမှ မြေယာ ပိုင်ဆိုင်ခွင့်ရှိသူ များ၊ ဌာနေတိုင်းရင်း သားများနှင့် ဒေသခံလူ့အဖွဲ့အစည်းများ၏အခွင့်အရေးများ၊ ဦးစားပေးမှု များနှင့် သဘောတူညီမှုများကို လေးစားရမည်။
- တရားဝင်မှုဘောက်အတွင်းမှ မြေယာပိုင်ဆိုင်ခွင့်ရှိသည့် ဒေသခံများ အပေါ် သက်ရောက်မှုရှိနေသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များ၏ ရလဒ်ကိုလက်ခံနိုင်ရမည်။
- မြေယာပိုင်ဆိုင်ခွင့်ရှိသူများဖြစ်သည့် ဒေသခံများကို ရွှေ့ပြောင်းနေရာချထားပေးခြင်း နှင့် ပြန်လည်နေရာချထားပေးခြင်းများကို ရှောင်ရှားရန်။

#### ဤလမ်းညွှန်ချက်များ အကောင်အထည်ပေါ်ရန်အတွက်-

- မြေယာပိုင်ဆိုင်ခွင့်ရှိသူများနှင့် စပ်လျဉ်းသည့်လယ်ယာမြေဥပဒေနှင့် ပေါ်လစီများကို တရားမျှတမှုနှင့် ပွင့်လင်းမြင်သာစွာရေးဆွဲရန်။
- တစ်ဦးတည်းပိုင်ဆိုင်ခွင့်ရှိသည့်မြေ၊ မိသားစုပိုင်မြေနှင့် အစုအဖွဲ့ပိုင် မြေများကို စနစ်တကျ ရေးသား ရေးသားထားရန်။
- လူ့အဖွဲ့အစည်းအတွင်း လယ်ယာမြေပိုင်ဆိုင်ခွင့်အသိများ ပိုမိုကျယ်ပြန့်လာစေရန်နှင့် စေ့စပ်ညှိနှိုင်း ဆောင်ရွက်တက်မှုများ အားကောင်းလာစေရန်။
- VGGT.[2] (Voluntary on the Responsible Governance of Tenure of Land) ၏ အသိဗဟုသုတကို မြှင့်တင်ပေးနိုင်ရန်နှင့် လေးစား လိုက်နာကျင့်သုံးလာစေရန် ဆောင်ရွက် ခြင်း။
- မည်သည့်အကြောင်းကြောင့်နှင့်မျှ ရှောင်လွှဲ၍မရသည့် ပြန်လည်နေရာချထားပေးခြင်း နှင့် ရွှေ့ပြောင်းအလုပ်အကိုင် ရှာဖွေခြင်း၏ ဆိုးကျိုးများကို လျှော့ချပေးခြင်း။

[2]VGGT သည် နိုင်ငံအဝန်း စားနပ်ရိက္ခာဖူလုံရေး အကြောင်းအရာပါ လယ်ယာမြေပိုင်ဆိုင်ခွင့်၊ သစ်တောနှင့် သား၊ငါး မွေးမြူခွင့်တာဝန်သိ ဦးဆောင်မှုပေးခြင်း၏ လုပ်အားပေးလမ်းညွှန်ကို ရည်ညွှန်းခြင်းဖြစ်သည်။

## လမ်းညွှန် (၅)

### သဘာဝသယံဇာတ အရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း နှင့် ရေရှည်စီမံခန့်ခွဲခြင်း၊ အထူးသဖြင့် သစ်တောများကို ရေရှည်အသုံးပြုနိုင်စေရန်။

- သဘာဝသယံဇာတအရင်းအမြစ်များအပေါ် ကျရောက်နေသည့် အန္တရာယ်များကို လျှော့ချခြင်းနှင့် ပယ် ဖျက်ပေးခြင်း။
- သစ်တောရေရှည်စီမံခန့်ခွဲမှုကျင့်ထုံးများကို ကျင့်သုံးခြင်း။
- သစ်တောဘောဂ၊ လူမှုဘောဂ၊ ယဉ်ကျေးမှုနှင့် ဂေဟာစနစ်တန်ဖိုးများ ကို အသိမှတ်ပြုပေးခြင်း။
- စီးပွားရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ လူ့အဖွဲ့အစည်း နှင့်ဌာနေတိုင်းရင်းသားတို့၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစား ထိန်းညှိပေးခြင်း။
- FAF ထုတ်ကုန်များအတွက် တည်မြဲအရင်းအမြစ်များ ထောက်ပံ့ပေးပြီးပတ်ဝန်းကျင်နှင့် လူမှုထောက်ခံချက်များ ထောက်ပံ့ပေးခြင်း။
- ထုတ်ကုန်များထုတ်လုပ်ရာတွင် စွန့်ပစ်ပစ္စည်းများကို စနစ်ကျစေခြင်းနှင့် လုံလောက်သည့် ထုတ်လုပ်မှု များဖြစ်စေခြင်း။
- ရေရှည်စားသုံးခြင်းကို တွန်းအားပေးခြင်း။
- သဘာဝသယံဇာတအရင်းအမြစ်များကို ထိရောက်မှုရှိစွာ စီမံမှုပေးခြင်း နှင့် ရေရှည်အသုံးချနိုင်အောင် အစီအစဉ်ရေးဆွဲခြင်း။

#### ဤလမ်းညွှန်ချက်များ အကောင်အထည်ပေါ် ရန်အတွက်-

- ထိရောက်ကောင်းမွန်သည့် သဘာဝသယံဇာတအရင်းအမြစ်များကို စနစ် တကျစီမံခန့်ခွဲမှုစနစ်များ တည်ဆောက်ခြင်း။
- ရေရရှိမှုနှင့် လုံလောက်မှုရှိစေရန် စီမံထားရှိခြင်း။
- လူ့အခွင့်အရေးနှင့် ဆီလျှော်ကိုက်ညီသည့် ရေရရှိစေရန် ဆောင်ရွက်ခြင်း။
- ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များကို အမျိုးသားသစ်တောစီမံကိန်း များတွင် စနစ် တကျ ရေးဆွဲထားရှိခြင်း။
- ဇဟိုချုပ်ကိုင်မှုကဲသည့် သစ်တောစီမံအုပ်ချုပ်မှုကို လျှော့ချခြင်း။
- ဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်း၊ စံနှုန်းအတူတကွ ရေးဆွဲခြင်းနှင့် စီမံကွပ်ကဲခြင်း။
- သစ်တောနယ်မြေများအတွင်း အစားထိုးအသက်မွေးဝမ်းကျောင်းပြုမှုလုပ်ငန်းများကို မြှင့်တင်ပေးခြင်း။

## လမ်းညွှန်ချက် (၆)

### အရင်းအမြစ်လုံလောက်မှု၊ ထုတ်လုပ်မှုနှင့် စိတ်ချရသော ရေရှည်စိုက်ပျိုးရေး အခန်း စနစ်ဖြစ် စေရန်သင့်လျော်၍ ကြာရှည်ခံသော စက်ကိရိယာများ၊ နည်းလမ်းများနှင့် ကျင့်ထုံးများကိုထောက်ပံ့ပေးခြင်း။

- သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း (R&D) အဆောက်အဦးများတွင် ရင်းနှီးမြှုပ်နှံခြင်း၊ လူ့အရင်းအမြစ် များမွေးထုတ်ခြင်း။
- နည်းပညာဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားဖြစ်လုပ်ငန်းများ ဆောင်ရွက်လာခြင်း နှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။
- R&D အတွက် AMS များအကြား ပူးပေါင်းလုပ်ဆောင်ခြင်းနှင့် အတူကြီးကြပ်ခြင်းများ မြှင့်တင်လုပ် ဆောင်ခြင်း။
- PPPs ဗျူဟာများမှတဆင့် ပုဂ္ဂလိက ကဏ္ဍ၏ ဆန်းသစ်တီထွင်မှုများကို ရင်းနှီးမြှုပ်နှံခြင်း။
- နည်းပညာအပြောင်းအလဲများအတွက် အားလုံးအကျိုးတူ စီးပွားရေးစနစ် ကို အထောက်အပံ့ပေးခြင်း။
- သတင်းအချက်အလက်မျှဝေခြင်း၊ ဆန်းသစ်တီထွင်ဖန်တီးခြင်းနှင့် အသိပညာဗဟုသုတများမျှဝေပေး နိုင်ရန် ဘက်စုံပါဝင်သည့် ညီလာခံများကျင်းပပေးခြင်း။
- ဓလေ့ကျင့်ထုံးပညာရပ်များနှင့် ဉာဏမူပိုင်ခွင့်များကို လေးစားရန်နှင့် အသိအမှတ်ပြုရန်။

#### ဤလမ်းညွှန်ချက်များ အကောင်အထည်ပေါ် ရန်အတွက် -

- PPPs နှင့် နည်းပညာထုတ်လုပ်ရောင်းချမှုများ ကျွမ်းကျင်လာစေရန် ဆောင်ရွက်ခြင်း။
- အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍများနှင့် ပါဝင်ဆက်နွယ် သူများအားလုံးပါဝင်သည့် ဆန်းသစ် သည့်စနစ်မျိုးကို တည်ဆောက်ခြင်း။
- အသေးစားလုပ်ငန်းများနှင့် အသေးစားလုပ်ငန်းရှင်များ၏ အခြေခံကျသည့် နည်းပညာအထောက်အပံ့ များကို ပံ့ပိုးပေးခြင်း။
- ကြာရှည်ခံသည့် နည်းပညာများကို အသုံးပြုနိုင်ရန် ရွေးချယ် ရင်းနှီးမြှုပ်နှံခြင်းနှင့် နည်းပညာ ဖန်သားပြင်အစီအစဉ် များကို ကောင်းမွန်လာစေရန် ဆောင်ရွက်ပေးခြင်း။
- အသေးစားလုပ်ငန်းရှင်များအတွက် နည်းစနစ်အထောက်အပံ့များနှင့် ဆန်းသစ်သောအသစ်များ ထောက်ပံ့ပေးခြင်း။
- စိုက်ပျိုးရေးသုတေသနအဖွဲ့အစည်းများနှင့်အစိုးရမဟုတ်သည့် နည်းပညာ အဖွဲ့အစည်းများအကြား ချိတ်ဆက်ဆောင်ရွက်ခြင်း။
- စိုက်ပျိုးရေးနည်းပညာများနှင့် PPPsများအတွက် ပညာရပ်ဗဟုသုတ မျှဝေခြင်းဖြင့် ဝန်းကျင်တစ်ခုဖန်တီးခြင်း။
- ဉာဏမူပိုင်ခွင့်များအတွက် ထိရောက်မှုရှိသည့် တရားဝင် ပေါ် လစီမူဘောင်များ ချမှတ်ပေးခြင်း။

## လမ်းညွှန်ချက် (၇)

### သဘာဝဘေးအန္တရာယ်နှင့် ရာသီဥတုပြောင်းလဲမှုဒဏ်ကိုသာမက အခြားသော မမြင်နိုင်သည့် အန္တရာယ်များကို ကြံ့ကြံ့ခံနိုင်ရန်....

- ရာသီဥတုပြောင်းလဲမှုကို ဖြစ်စေနိုင်သော FAF ၏ လုပ်ဆောင်ချက် များကို လျှော့ချခြင်း။
- ရာသီဥတုစောင့်ကြည့်တိုင်းတာခြင်းလုပ်ငန်းများ နည်းလမ်းများကို ပိုမို ကောင်းမွန်လာအောင် ဆောင်ရွက်ခြင်း။
- သဘာဝဘေးနှင့် ရာသီဥတုပြောင်းလဲမှုကို အသေးစားလုပ်ငန်းရှင်နှင့် အသေးစားလုပ်များ ခံနိုင်ရည်ရှိ ရန်အတွက် ထုတ်ကုန်များ ပြင်ဆင် ထုတ်လုပ်ခြင်း။
- ဥတုရာသီနှင်သက်ဆိုင်သည့် ဒေသန္တရဗဟုသုတများ၊ ကျင့်ထုံးများနှင့် ဌာနေတိုင်းရင်းသားများကို လေးစားကြခြင်း။
- ရာသီဥတုပြောင်းလဲမှုဒဏ်ခံစားနေကြရသည့် အမျိုးသမီးများ၊ လူငယ် များ၊ ဖယ်ကျဉ်ခံအုပ်စုများ၏ ဒုက္ခ အခက်အခဲများကို ဖြေရှင်းပေးခြင်း။

#### ဤလမ်းညွှန်ချက်များ အကောင်အထည်ပေါ်ရန်အတွက် -

- ဥတုရာသီပြောင်းလဲခြင်းနှင့် သက်ဆိုင်သည့် သုတေသန လုပ်ငန်းများ၊ ပရဟိတလုပ်ငန်းများနှင့် နည်းပညာလုပ်ငန်းများ အပေါ်အလှူငွေများတိုးမြှင့်ပေးခြင်း။
- တမူထူးခြားဆန်းစစ်သောရာသီဥတုနဲ့ သက်ဆိုင်သည့် အာမခံအစီအစဉ်နှင့်ပစ္စည်းများ အတွက် ဥပဒေရေးရာနှင့် မူဝါဒမူဘောင်များရေးဆွဲခြင်း
- ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများတွင် ရာသီဥတုပြောင်းလဲမှုဒဏ်ခံစားနေရသည့် နယ်မြေများအတွက် တိကျသည့် လုပ်ငန်းများလုပ်ဆောင်ခြင်းနှင့် ပြဿနာများကို ဖော်ထုတ်ပေးခြင်း။

## လမ်းညွှန်ချက် (၈)

### တရားဥပဒေကို လေးစားလိုက်နာခြင်းနှင့် အစိုးရနှင့်အတူ ပူးပေါင်း ဆောင်ရွက်ခြင်းအားဖြင့်

- တရားဥပဒေရေးဆွဲပြဌာန်းခြင်းနှင့် စွဲမြဲယုံကြည်စွာ ကျင့်သုံးခြင်း။
- အဂတိကင်းသော ယဉ်ကျေးမှုကို ပြန်လည်တည်ဆောက်ခြင်း။
- ရင်းနှီးမြှုပ်နှံမှုနှင့်ဆိုင်သော သတင်းရင်းမြစ်များကို အစဉ်မပြတ် မျှဝေ ခြင်း။
- ကျန်းမာရေးကုသခွင့်၊ နစ်နာကြေးနှင့် ပြဿနာဖြေရှင်းရန် လမ်းကြောင်း များကို မြှင့်တင်ခြင်း။
- အမွေဆိုင်မြေယာပြဿနာများကို ဖြေရှင်းဆောင်ရွက်ပေးခြင်း။ တက်ကြွသော၊ အဖိုးအခကင်းသော၊ ထိရောက်ကောင်းမွန်သော ပူးပေါင်းပါဝင်ခြင်းများအတွက် သဘောထားအကြံပြုချက်များ တောင်းခံခြင်းနှင့် ပြန်လည်တုန့်ပြန်ခြင်း။
- ပွင့်လင်းမြင်သာမှုရှိသော၊ အခြေခံကျသော၊ တူညီမှုရှိသော တရားဝင်ဝန်းကျင် တည်ဆောက်ပေးခြင်း။

#### ဤလမ်းညွှန်ချက်များ အကောင်အထည်ပေါ်ရန်အတွက် -

- အချိန်နှင့်တပြေးညီ သင့်လျော်မှန်ကန် လက်လှမ်းမှီသည့် သတင်းအချက် အလက်များကို ပုံမှန် ထုတ်ပြနိုင်မည့် လမ်းညွှန်ချက် ရေးဆွဲခြင်း။
- ဌာနေတိုင်းရင်းသားများနှင့် အဖွဲ့အစည်းအတွင်း တရားဝင်ပစ္စည်းနှင့် ဝန်ဆောင်မှုများ သုံးစွဲခွင့် ရရှိစေရန် မြှင့်တင်ဆောင်ရွက်ခြင်း။
- လုပ်ငန်းရှင်များကို ကြီးကြပ်ကွပ်ကဲခြင်း၊ လူထုအကြံဉာဏ်များ တောင်းခံခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်း၊ နစ်နာကြေးများဖြေရှင်းခြင်း။
- ထိရောက်ပြီး လက်လှမ်းမှီသော တရားရေးများ ထားရှိခြင်း။
- ရင်းနှီးမြှုပ်နှံမှုပေါ်လစီများ ချမှတ်ရာတွင် ပါဝင်ဆက်နွယ်သူအားလုံး၏ ပူးပေါင်းပါဝင်မှုကိုအလေးထား ခြင်း။
- အစိုးရ၏ ပူးပေါင်းဆောင်ရွက်မှုရရှိအောင် ဆောင်ရွက်ခြင်း နှင့် ဆက်ဆံရေးတိုးမြှင့်ခြင်း။
- ညီမျှမှုရှိသည့် သတင်းအချက်အလက် ရရှိပိုင်ခွင့်၊ ဝန်ဆောင်မှုများ ခံစားပိုင်ခွင့်၊ အကျိုးရရှိပိုင်ခွင့်နှင့် အရင်းအမြစ်များ ရရှိပိုင်ဆိုင်ခွင့်တို့ကို မြှင့်တင်ပေးခြင်း။
- ခွဲခြားဆက်ဆံမှုကင်းသည့် စည်းမျဉ်းများတရားဥပဒေများ စိုးမိုးမှုရှိ စေခြင်း။

## လမ်းညွှန်ချက် (၉)

### ရေရှည်စိုက်ပျိုးရေး အခန်းကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများ၏ ရလာဒ်များကို အကဲဖြတ်သုံးသပ်ခြင်းနှင့် တာဝန်ခံမှုများကို မြှင့်တင်ခြင်း။

- လွတ်လပ်၍ပွင့်လင်းမြင်သာမှုရှိသော စစ်ဆေးအကဲဖြတ် မှုများဆောင်ရွက်ခြင်း။
- ကနဦးစစ်တမ်းကောက်ယူခြင်းနှင့် စီမံဆောင်ရွက် ခြင်းလုပ်ငန်းများကို ဘက်စုံပါဝင်မှုရှိအောင် ဆောင်ရွက်ခြင်း။
- အဖွဲ့အစည်းလိုအပ်ချက်နှင့် ဖွံ့ဖြိုးမှုဦးစားပေးလုပ်ငန်း များအပေါ် ရိုးသားစွာရင်းနှီးမြှုပ်နှံခြင်း။
- ဆိုးဝါးသည့်ရလာဒ်များကို ဖြေရှင်းနိုင်ရန် သင့်လျော်ကောင်းမွန်သော စစ်ဆေးတိုင်းတာသည့်နည်းလမ်း များကိုရှာဖွေခြင်း။
- စစ်ဆေးအကဲဖြတ်မှုများကို အများပြည်သူ လက်လှမ်းမှီ သိရှိနိုင်ရန်ဆောင်ရွက်ခြင်း။
- ပြောင်းလဲမှုဖြစ်စဉ်များကို အစဉ်လေ့လာစစ်ဆေးခြင်းနှင့် ရလဒ်များ ကိုပါဝင်ဆက်နွယ်သူများထံ သတင်းပေးခြင်း။
- ထိရောက်သောဆေးကုသမှုများ အကောင်အထည်ဖော်ခြင်း သို့မဟုတ် နစ်နာသူများအပေါ် နစ်နာကြေး ပေးချေခြင်း။

#### ဤလမ်းညွှန်ချက်များ အကောင်အထည်ပေါ် ရန်အတွက်-

- စစ်ဆေးအကဲဖြတ်မှုရလာဒ်များကို ပိုမိုကောင်းမွန်လာစေရန် အကောင် အထည်ဖော်ခြင်း။
- စီမံခန့်ခွဲမှုလုပ်ငန်းအစီအစဉ်များတွင် စစ်ဆေးအကဲဖြတ်မှု ရလာဒ်များကိုထည့်သွင်းခြင်း။
- ဖြစ်စဉ်အတွင်းပါဝင်ဆက်နွယ်သူ များနှင့်အတူ အကျိုးရလာဒ်များကို ပုံမှန်စစ်ဆေးခြင်းနှင့် ပြန်လည် သုံးသပ်ခြင်း။
- စစ်ဆေးခြင်းလုပ်ငန်းများအားလုံးကို အများပြည်သူ သိရှိနိုင်ရန်ပြုလုပ်ပေးခြင်း။
- အကြီးစားရင်းနှီးမြှုပ်နှံသူများ အတွက် ထိရောက်လုံလောက်မှုရှိသည့် ဖန်သားပြင်ဖြစ်စဉ်များကို ပြဌာန်း ပေးခြင်း။

## လမ်းညွှန်ချက် (၁၀)

### ရေရှည်စိုက်ပျိုးရေး အခန်းကဏ္ဍ ASEAN အတွင်း တာဝန်သိရင်းနှီးမြှုပ်နှံမှု ဒေသတွင်းချဉ်းကပ် နည်းများပိုမိုထိရောက်စေခြင်း။

- စံနှုန်းများ၊ စည်းမျဉ်းများနှင့် ချဉ်းကပ်ပုံများကို ညှိနှိုင်းပေးခြင်းနှင့် ပြုလွယ်ပြောင်းလွယ်ဖြစ်စေခြင်း။
- မြန်နှုန်းမြင့်ဖွံ့ဖြိုးမှုကို အကျိုးစီးပွားအခြေခံသည့် တာဝန်သိစီးပွားရေး ကျင့်ထုံးများဖြင့် မြှင့်တင်ခြင်း။
- ဒေသတွင်းစံချိန်စံညွှန်းများ မြှင့်တင်ပေးခြင်းနှင့် သတင်းအချက် အလက်များမျှဝေနိုင်ရန်ကွန်ရက် များနှင့် စွမ်းရည်များ တည်ဆောက်ခြင်း များတွင် ပူးပေါင်းဆောင်ရွက်ခြင်း။

#### ဤလမ်းညွှန်ချက်များ အကောင်အထည်ပေါ် ရန်အတွက်-

- FAF ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ပေးခြင်းနှင့် ကူညီပံ့ပိုးပေးခြင်း ချဉ်းကပ်မှု များကို ပိုမိုကောင်းမွန်လာ အောင် ဆောင်ရွက်ခြင်း။
- ဒေသများအတွင်း ခံနိုင်ရည်ရှိမှု၊ အတွေ့အကြုံမျှဝေမှုနှင့် စွမ်းရည်တည် ဆောက်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်စေရန်။
- ဒေသအဆင့်များတွင် နိုင်ငံတကာကျင့်ထုံးများနှင့် စံနှုန်းများ ကျင့်သုံးမှုကို အကောင်အထည်ဖော်ခြင်း။
- ဒေသခံနိုင်ငံနှင့်တာဝန်ခံနိုင်ငံများအကြောင်း နစ်ဦးသဘောတူစာချုပ် များရေးထိုးဖြင့် ပူးတွဲရင်းနှီးမြှုပ်နှံ မှုများကို စီမံစစ်ဆေးဖြင့်များတွင် အတူပူးပေါင်းလုပ်ဆောင်ခြင်း။



# အခြားသော ပါဝင်ပတ်သက်/ ဆက်နွယ်သူများ၏ တာဝန်နှင့် အခန်းကဏ္ဍ

FAF ပါဝင်ဆက်နွယ်သူများ၊ အကြီးစားရင်းနှီးမြှုပ်နှံသူများ သာမက အသေးစား လုပ်ငန်းရှင်များ၊ ပူးတွဲလုပ်ငန်းများ ရပ်ကျေးအဖွဲ့အစည်းများ၊ လူမှုအဖွဲ့ အစည်းများ နှင့် ဘဏ္ဍာရေးဌာနများအားလုံးသည် အဓိကကျသည့် အခန်း ကဏ္ဍများဖြစ်ပြီး အရေးကြီးသည့် တာဝန်ဝတ္တရားများရှိသည်။

### ရင်းနှီးမြှုပ်နှံမှုများသည် ဒေသအစားအစာ လုံလောက်ရရှိမှုအတွက် အာမခံရမည့် အပြင် ကွဲပြားစုံလင်မှုကိုလည်း လက်ခံရမည်။

- လူထုသဘောထားအကြံဉာဏ်ကောက်ယူရာတွင် စားနပ်ရိက္ခာဖူလုံမှုနှင့် စိတ်ချရမှုကိုစီစဉ်ဖြေရှင်းရ မည်။
- ရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့် စားနပ်ရိက္ခာဖူလုံမှုကို ကိုင်တွယ်ဖြေရှင်းခြင်း
- တည်ငြိမ်သင့်လျော်ကောင်းမွန်သည့် လုပ်ငန်းနှင့် လုပ်အားခများ ထောက်ပံ့ပေးပြီး မျှတသည့်နှုန်းထား များနှင့် ထောက်ပံ့ပေးခြင်း။

### အားလုံးအကျုံးဝင်မှုရှိခြင်း၊ အားစိုက်ထုတ်နိုင်ခြင်း နှင့် ရေရှည်တည်တံ့သည့် စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အပံ့ဖြစ်သည်များကို -

- အရည်အသွေးမြင့်ပြီး စံချိန်မီသောလုပ်ဆောင်ချက် များဖြစ်ရန် ဒေသ စီးပွားရေးလုပ်ငန်းများကို ကူညီ ဆောင်ရွက်ခြင်း။
- ဒေသစွန့်ဦးတီထွင်လုပ်ငန်းများကို ပံ့ဖော်အားဖြည့်ပေးခြင်း။
- အသေးစားလုပ်ငန်းများအပေါ် အထိနာစေသည့် ဈေးကွက်ရာဖွေမှုနှင့် စရိတ်ကြီးခြင်းများကို လျှော့ချပေးခြင်း။

### ဆုံးဖြတ်ချက်ချမှုများ၊ အလုပ်အကိုင်များနှင့် စီးပွားရေးလုပ်ငန်း ဆောင်တာများတွင် အမျိုးသမီးပါဝင်မှု များကို ကူညီထောက်ပံ့ခြင်း။

- အမျိုးသမီးပါဝင်မှုများအတွက် အစဉ်မပျက် မြှင့်တင်ခြင်း။
- အဆင့်ဌာနများအားလုံးအတွက် စုံလင်ကွဲပြားမှုကို တည်ဆောက်ခြင်း။
- သင်တန်းများနှင့် ခွဲခြားဆက်ဆံမှုမရှိစေရန် ပေါ်လစီများ ချမှတ်ရေးဆွဲပေးခြင်း။

### FAF ကဏ္ဍများတွင် လိုအပ်နေသည့်လူငယ်များ၏ ကျွမ်းကျင်မှုများကိုဖြည့်ဆည်းကူညီပေးခြင်း။

- သင်တန်းပေးခြင်း၊ အလုပ်သင်အခွင့်အရေးများဖန်တီးပေးခြင်း၊ ကူညီထောက်ပံ့ပေးခြင်း၊ ပညာတော် သင်ဆုများပေးအပ်ခြင်းနှင့် ပညာတော်သင်ချေးငွေများပေးအပ်ခြင်း။
- ပြင်ပစွမ်းရည်ဖြည့်အစီအမံများတွင် လူငယ်များ၏ပါဝင်မှုကို ဦးစား ပေးခြင်း။
- လူငယ်စွန့်ဦးတီထွင်မှုလုပ်ငန်းများကို ထောက်ပံ့ပေးခြင်း။
- လူငယ်များကို ထောက်ပံ့ကူညီပေးနေသည့် လူမှုအဖွဲ့အစည်းများနှင့် လက်တွဲလုပ်ဆောင်ခြင်း။

### မြေယာပိုင်ဆိုင်ခွင့်ရှိသူများ၊သားငါးမွေးမြူခွင့်ရှိသူများနှင့်သစ်တောလုပ်ငန်းများလုပ်ကိုင်ခွင့်ရှိသည့် ဒေသခံအဖွဲ့အစည်းများ အပေါ် လေးစားရမည်။

- မြေယာပိုင်ဆိုင်ခွင့်ဒေသထုံးတမ်းများကို သုတေသနပြုလေ့လာ ရန်နှင့် အသိအမှတ်ပြုပေးခြင်း။
- မြေယာပိုင်ဆိုင်ခွင့်ရှိထားသူများနှင့် တိုက်ရိုက်ညှိနှိုင်းလုပ်ဆောင်ခြင်း။
- နေရာပြောင်းရွှေ့ခြင်းနှင့် ပြန်လည်နေရာချထားလုပ်ငန်းများလုပ်ဆောင်မှု ကြိုတင်ကာကွယ်ရန်။
- ပြန်လည်နေရာချထားခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင်နိုင်ငံတကာစံသတ်မှတ်ချက်များနှင့်အညီ လုပ်ဆောင်ခြင်း။
- အထက်ပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသခံအဖွဲ့အစည်းများ၏ထိရောက်သောမှတ်ချက်သဘောထားများ၊ တက်ကြွသည့်ပူးပေါင်း ပါဝင်မှုများရရှိအောင် လုပ်ဆောင်ခြင်း။
- နိုင်ငံတကာစံနှုန်းနှင့်ညီသည့် မြေယာစီစဉ်ဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်ခြင်း။

### ဒေသခံအဖွဲ့အစည်းများ၏ ရေရရှိသုံးစွဲပိုင်ခွင့်ကိုလေးစားခြင်း။

- သဘောထားမှတ်ချက်များကောက်ယူရာတွင် အရည်အသွေးမီ ရေရရှိသုံးစွဲပိုင်ခွင့်၏ ဖြစ်နိုင်ခြေရလာဒ် များကို ထောက်ပြခြင်း။ ပတ်ဝန်းကျင်နှင့် လူမှုစစ်ဆေးအကဲဖြတ်မှုများအသုံးပြုခြင်းနှင့် စီမံခန့် ခွဲခြင်း အစီအစဉ်များ။
- အဖွဲ့အစည်းရပ်ရွာများ၏ ရေရရှိပိုင်ခွင့်အပေါ် အပေါင်းလက္ခာ ဆောင်သည့် အသားတင်ရလာဒ်များ ဖြစ်ထွန်းလာစေရန် ဆောင်ရွက်ပေးခြင်း။

### ရေရှည်တည်တံ့သည့်နည်းပညာများနှင့် ကျင့်ထုံးများသုံး၍ မျိုးဆက်သစ်များကိုထောက်ပံ့ပေးခြင်း

- အသေးစားရင်းနှီးမြှုပ်နှံသူများနှင့် အသေးစားလုပ်ငန်းများရင်ဆိုင်နေရသည့် အခက်အခဲများကိုဖော်ထုတ်ခြင်းနှင့်  တိုးတက်ကောင်းမွန်လာသည့် နည်းပညာများအသုံးပြု၍ ဖြေရှင်းခြင်း။
- နည်းပညာသုံး ဆုံးဖြတ်ချက်ချမှတ်ခြင်းဖြစ်စဉ်များတွင် ဘက်ပေါင်းစုံမှ လူများပါဝင်လာစေရန်ဆောင်ရွက်ခြင်း။
- ဖြစ်ရပ်များနှင့် နည်းပညာပြန့်ပွားစေရန် ဒေသခံထုတ်လုပ်သူများ ကိုသင်တန်းပေးခြင်း။
- ငွေကြေးကဏ္ဍနှင့်နည်းစနစ်ထောက်ပံ့မှုများတွင်နည်းပညာသုံးစွဲ တပ်ဆင်ခြင်း ဝန်ဆောင်မှုများကို ထောက်ပံ့ခြင်း။
- သုတေသနနှင့်ဖွံ့ဖြိုးမှုလုပ်ငန်းများ စွမ်းရည်မြင့်လာစေရန် ရင်းနှီးမြှုပ်နှံခြင်း။

### ဥတုရာသီပြောင်းလဲမှုဒဏ်၊ သဘာဝဘေးဒဏ်နှင့်အခြားရောင်တခင်ဖြစ်ပွားသည့်ဘေးဒဏ်များကို ခံနိုင်ရည်ရှိလာစေရန်နှင့် ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရန်။

- PPPs တွင် ပါဝင်ခြင်းဖြင့် သုတေသနလုပ်ငန်းများကို ကူညီထောက်ပံ့ခြင်း။
- ဇလဗေဒကျင့်ထုံးများကို ပိုမိုကျယ်ပြန့်စွာ ကျင့်သုံးလာစေရန် စီးပွားရေးလုပ်ငန်းကွန်ယက်များနှင့် ချိတ်ဆက်ဆောင်ရွက်ကြ ခြင်း။
- ကောင်းမွန်သော ဥတုရာသီဘေးလျော့ချခြင်းနည်းနှင့် မှန်ကန်သဘာဝကျသည့် ကျင့်သုံးမှုများကို လူမှုအဖွဲ့အစည်းများအား ကူညီထောက်ပံ့ပေးခြင်း။
- ရာသီဥတုပြောင်းလဲမှုကို ဖြစ်ပွားစေမည့် စီးပွားလုပ်ကိုင်မှုများကို ရှောင်ရှားခြင်း။

## တာဝန်ယူ တာဝန်ခံမှုများနှင့် လူ့အဖွဲ့အစည်းများတွင် ကောင်းမွန်သည့် ချိတ်ဆက်ဆောင်ရွက်မှုများကို မြင့်တင်ရန်။

- ဒေသိယနောက်ကြောင်း၊ ဒေသိယဖြစ်စဉ်များနှင့် အာဏာချိန်ခွင်ကို နားလည်သဘောပေါက်ရန်။
- ထိရောက်ကောင်းမွန်သည့် ဆက်သွယ်ရေးများနှင့် လူ့အဖွဲ့အစည်းများတွင် ပွင့်လင်းမြင်သာမှုနှင့် ယုံကြည်မှုများတည်ဆောက် ရန်။
- နားလည်သဘောပေါက်လွယ်သည့် သက်ဆိုင်ရာ သတင်းအချက်အလက်များအားလုံးကို ထုန်ပြန်ကြေညာပေးခြင်း။
- သင်တန်းကျောင်းဝန်ထမ်းများမှ ဒေသခံလူထုများနှင့် ဆက်ဆံရာတွင် လေးစာသမှုရှိရန်။
- ရင်းနှီးမြုပ်နှံမှုစီမံကိန်းများ၏ ရလာဒ်များကို ထိရောက်မှုရှိစွာ စစ်ဆေးအကဲဖြတ်ခြင်း။

## စီမံကိန်းများရေးဆွဲရာတွင် ဝန်းကျင်နှင့် လူမှုအကျိုးသက်ရောက်မှုများကို ထည့်သွင်းစစ်ဆေးခြင်း။

- ဝန်းကျင်နှင့်လူမှုအကျိုးလုပ်ဆောင်ချက်ကို အချိန်မှန်မှန် စစ်ဆေးသုံးသပ်ခြင်း။
- ဝန်းကျင်နှင့်လူမှုအကျိုးလုပ်ဆောင်ချက်ကို အချိန်မှန်မှန် စစ်ဆေးသုံးသပ်ခြင်း။
- စစ်ဆေးအကဲဖြတ်ခြင်းနှင့် ရလဒ်များမှတ်တမ်းပြုရာတွင် သတင်း အချက်အလက်စီမံခန့်ခွဲမှုစနစ်များနှင့် နည်းပညာများအသုံးပြုခြင်း။
- မတော်တဆဖြစ်ပွားမှုများ၊ ဆေးကုသမှုများနှင့် အလုပ်သမားကျန်းမာရေးဖြစ်ရပ်များကို စစ်ဆေးသုံးသပ်ရန်နှင့် လျှော့ချရန်။
- အကောင်းဆုံးကျင့်ထုံးဖြစ်စေရန် လွတ်လပ်၍အမှီအခိုကင်းသော ကျွမ်းကျင်သူများကို အသုံးပြုခြင်း။

## အာစီယံဒေသတွင်း FAF တွင် ဒေသိယနည်းနာများကို အသုံးပြုခြင်းဖြင့် တာဝန်သိ ရင်းနှီးမြုပ်နှံခြင်းများ ပြုလုပ်စေရန်။

- ဒေသတွင်းနှင့် နိုင်ငံတကာ FAF အဖွဲ့အစည်းများနှင့် ပူးပေါင်းခြင်း။
- စီမံကိန်းပုံစံများ တိုးမြှင့်ခြင်းဖြင့် ဆိုးကျိုးပြန့်ပွားမှုကို စစ်ဆေးခြင်း နှင့် လျှော့ချခြင်း။







## အသေးစားရင်းနှီးသူများနှင့် အသေးစားလုပ်ငန်းများက လမ်းညွှန်ချက်များအကောင်းအထည်ဖော်ဆောင်ရွက်ရာတွင် ဖော်ပြပါအချက်များကို လုပ်ဆောင်ခြင်းဖြင့် ကူညီနိုင်သည်။

- သတင်းအချက်အလက်များ၊ နည်းပညာများနှင့် ဗဟုသုတမျှဝေခြင်း အခွင့်အလမ်းများတွင် ပါဝင်ခြင်း။
- စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် သင်တန်းအစီအစဉ်များတွင် ချိတ်ဆက် ဆောင်ရွက်ခြင်း။
- အသေးစားလုပ်ငန်းများကွန်ရက်နှင့် အကျိုးတူအားလုံးပါဝင်မှုဖြစ်စဉ်အဆင့်အဆင့်တွင် အားကောင်း ကောင်း ဆောင်ရွက်ခြင်း။
- အကြီးစာ ရင်းနှီးမြှုပ်နှံသူများမှ အမြင့်ဆုံးသော ဒီဂရီများဖြစ်လာစေရန်လမ်းညွှန်ချက်များကို အသုံးချ ခြင်း။

## လူ့အဖွဲ့အစည်းများက လမ်းညွှန်ချက်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကူညီ ဆောင်ရွက်နိုင် သည်။

- အားလုံးပါဝင်မှုရှိသည့်၊ ကိုယ်စားပြုအဖွဲ့အစည်းများအသုံပြု၍ ရင်းနှီးမြှုပ်နှံကြသူများနှင့် ပူးပေါင်းပြီး အခွင့်အရေးများကိုမြှင့်တင်ခြင်း။
- ရင်းနှီးဆက်နွယ်မှုကို ဖြစ်ထွန်းစေရန် ရင်းနှီးမြှုပ်နှံသူများနှင့် နေရာသဘော တူညီမှုကို ရရှိအောင် ဆောင်ရွက်ခြင်း။
- ဆုံးဖြတ်ချက်များချမှတ်ရန်နှင့် သတင်းအချက်အလက်များ မျှဝေရန် ညီလာခံများကျင်းပပေးခြင်း။
- လူမှုအဖွဲ့သင်တန်းများနှင့် စွမ်းရည်မြှင့်ဖွံ့ဖြိုးရေး အစီအစဉ်များတွင် ပါဝင် ဆောင်ရွက်ခြင်း။
- ညှိနှိုင်းတိုင်ပင်ခြင်းနှင့်ရပ်ရွာအခြေပြုစောင့်ကြည့်လေ့လာခြင်းများတွင်တက်ကြွစွာပါဝင်ခြင်း။
- ဥတုရာသီပြောင်းလဲခြင်းနှင့် ဓလေ့များတည်ဆောက်ခြင်းတွင် ဒေသကျင့်ထုံးများနှင့် ဌာနေအသိပညာ များကို မျှဝေပေးရန်။

## လူမှုအဖွဲ့အစည်းများသည် လမ်းညွှန်များ အကောင်အထည်ဖော်ဆောင်ရာတွင် ကူညီထောက်ပံ့ပေးခြင်းများ ပြုလုပ်နိုင်သည်။

- ၎င်းတို့၏လုပ်ငန်းများနှင့် အစီအစဉ်များတွင် လမ်းညွှန်ချက်များအသုံးပြုခြင်းနှင့် ပြန်လည်ထင်ဟပ်သုံးသပ်ခြင်းများပြုလုပ်ခြင်း။

- လမ်းညွှန်ချက်များအကောင်အထည် ဖော်ဆောင်နေသည့်နို င်ငံတော်ကို ကူညီထောက်ပံ့ခြင်း။
- အောက်ခြေအဆင့်တွင် လမ်းညွှန်ချက်များကို အကောင်အထည် ဖော်ဆောင်ရွက်နေသည့် ပါဝင်ဆက်နွယ်သူများ နှင့် လက်တွဲ ဆောင်ရွက်ခြင်း။
- လမ်းညွှန်ကမ်ပိန်းများ၊ ပညာရေးများနှင့် လူထုစည်း ရုံးရေး လုပ်ငန်းများ အသုံးပြုနိုင်သည်။
- စွမ်းရည်ဖြည့် ဖွံ့ဖြိုးရေးအစီအစဉ်များ၊ သင်တန်းများပေးခြင်းဖြင့် အဖွဲ့ အစည်းများကို ထောက်ပံ့ပေးခြင်း။

## ငွေကြေးကဏ္ဍများတွင် လုပ်ကိုင်ဆောင်ရွက်နေသူများသည် လမ်းညွှန်ချက် များအကောင်အထည်ဖော်ဆောင် ရွက်ရာတွင် ထောက်ပံ့ကူညီနိုင်သည်။

- အသေးစားလုပ်ငန်းလုပ်ကိုင်သူများအတွက် ဥတုရာသီအာမခံမှုနှင့် အခြားငွေကြေးထုတ်ကုန်များ တိုးတက်လာစေရန်ဆောင်ရွက်ခြင်း။
- ငွေကြေးလက်လှမ်းမှီလာစေရန်အတွက် ဆန်းသစ်သောဘဏ္ဍာရေး နည်းလမ်းများအသုံးပြုခြင်း။
- လမ်းညွှန်ချက်များကို ထည့်သွင်းရေးဆွဲသည့် ရင်းနှီးမြှုပ်နှံမှုများကို ငွေကြေး ထောက်ပံ့ခြင်း။

## မိခင်နိုင်ငံအတွင်းရှိ AMA ရင်းနှီးမြှုပ်နှံသူများသည် လမ်းညွှန်ချက်များ အကောင်အထည်ဖော်ရန် ဖော်ပြပါ အချက်များဆောင်ရွက်ခြင်းဖြင့် ကူညီနိုင်သည်။

- မိခင်နိုင်ငံသို့ ပို့ကုန်လုပ်ငန်းများရင်းနှီးမြှုပ်နှံရာတွင် တာဝန်ခံနိုင်ငံ၏ စားနပ်ရိက္ခာလုပ်ပိုင်ခွင့်ကို လေးစားပေးခြင်း။
- ရေရှည်တည်တံ့သည့် ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ရန်မိတ်ဖက်အဖွဲ့အစည်းများ တည်ဆောက်ခြင်း။
- ရေရှည်တည်တံ့သော ရင်းနှီးမြှုပ်နှံမှုများကို တွန်းအားပေးရန် သင့်လျော် ကောင်းမွန်သော အကျိုး အမြတ်များ ထောက်ပံ့ပေးရန်။
- တာဝန်ခံနိုင်ငံနှင့် ပူးပေါင်း၍ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို အကောင်အထည်ဖော်ခြင်း။
- ပြင်ပရင်းနှီးမြှုပ်နှံသူများ၏ စီးပွားရေးလုပ်ဆောင်ချက်များအတွ က် စည်းမျဉ်း များချမှတ်ရေးဆွဲပေးခြင်း။



